# အင်းဝိုင်းကြီးကျေးရွာ

# သထုံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်းဝိုင်းကြီးကျေးရွာ၊ သထုံမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **အင်းဝိုင်းကြီးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့်ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၄ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၈ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၅ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၇ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၉ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇန်နဝါရီလ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အင်းဝိုင်းကြီးကျေးရွာ
သထုံမြို့နယ်

# အင်းဝိုင်းကြီးကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အင်းဝိုင်းကြီးကျေးရွာသည် မွန်ပြည်နယ်၊သထုံခရိုင်၊သထုံမြို့နယ်၏ ဈေးမသွယ်အောက် ကျေးရွာ အုပ်စုတွင်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင်ဒုံသမိချောင်းနှင့်လယ်ကွင်းများရှိပြီး ၊အနောက်ဘက်တွင် အမှတ်(၂) မုတ္တမ– သဲအိမ် – ကြာပန်းလမ်း ခရိုင်ချင်းဆက်လမ်းမကြီး၊ အင်းဝိုင်းလေးကျေးရွာတို့နှင့်ဆက်စပ်နေပြီး ၊ တောင်ဘက်တွင် စခန်းကြီးကျေးရွာအုပ်စု၊ မြောက်ဘက်တွင် နောင်ရပ်ကျေးရွာ၊ဈေးမသွယ်အထက်ကျေးရွာအုပ်စုများနှင့် ကျေးရွာချင်း ဆက်လျှက်ရှိပါသည်။ ကျေးရွာတွင် ကရင်တိုင်းရင်းသားများအများစုနေထိုင်ကြပြီး ဗမာ လူမျိုးများ မှာအနည်းစုနေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုး နိုင်သော မြေဧရိယာမှာ လယ်မြေ (၄၀၆.၃) ဧက၊ ဥယျာဉ်ခြံမြေ (၃၅.၅) ဧက၊ ကိုင်းကျွန်းမြေ (၆၃.၅)ဧက ၊သီးနှံများ မစိုက်ပျိုးသည့် မြေလွတ်မြေလပ် (၁၅.၁) ဧကနှင့် စားကျက်မြေ (၂၀) ဧက စုစုပေါင်း (၅၄၀.၄) ဧက ရှိပါ သည်။ လယ်မြေများတွင် မရင်းစပါး၊ မနောသုခစပါး စသည့် နွေစပါးများစိုက်ပျိုးကြပြီး ကိုင်းကျွန်းမြေတွင်လည်း မြေနိမ့်ပိုင်း၌ စပါးများစိုက်ပျိုးကြပြီး ကုန်းမြင့်ပိုင်းများတွင် ပဲများစိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေများတွင် ရော်ဘာများ စိုက်ပျိုးကြပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီး ဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့ (ကျား –၅ ဦး)၊ အုပ်ချုပ်ရေးအဖွဲ့ (ကျား – ၁၂ ဦး) (မ – ၁ ဦး) သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေ ကြပါသည်။ ကာလ သား အဖွဲ့ (ကျား – ၃ ဦး ) သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။ အမျိုးသမီးရေးရာအဖွဲ့ (မ – ၄ ဦး) သည် ကျေးရွာ၏ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြ ပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (က – ၃ဦး)(မ – ၆ဦး) သည် ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက် ရှိပါသည်။ ပရဟိတအဖွဲ့ ( က – ၃ ဦး) ၊အိုးသကြီး အဖွဲ့ (က – ၂ဦး) သည် ကျေးရွာ၏ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး စသည့် အပိုင်းတို့တွင် ပါဝင်ဆောင်ရွက်နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့်

ကျေးရွာဖွံ့ဖြိုးရေး အတွက်အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသောအဖွဲ့များရှိသကဲ့သို့ တခြားပြင်ပအဖွဲ့အစည်းများလည်း ရှိပါသည်။ Easy, BNK, PSI အဖွဲ့များသည် ကျေးရွာတွင်ချေးငွေလုပ်ငန်းများဆောင်ရွက်ခြင်း၊ Unicefအဖွဲ့သည်ပညာရေးနှင့်ပတ်သက်သည့် ကျောင်းဆောင်တစ်ဆောင်ဆောက်လုပ်လှူဒါန်းခြင်း၊ World Concern အဖွဲ့သည့် ကျန်းမာရေးနှင့်လူမှုရေးအသိပညာပေး လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ကျေးရွာရှိ ရေတွင်းများအားအမိုးမိုးခြင်း၊ ကျေးရွာတွင် ယင်လုံအိမ်သာများ ဆောက်လုပ်ပေးခြင်းနှင့် ငှက်ဖျားတိုက်ဖျက်ရေး လုပ်ငန်းများ စသည့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

အင်းဝိုင်းကြီးကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၂) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၀) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၃) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၂) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးကို အားထားစိုက်ပျိုးကြ ပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။

ကျေးရွာရှိ လယ်များမှာ အင်းရေနှင့် ချောင်းရေများဖြင့် စိုက်ပျိုးကြပြီး အင်းတိမ်ပိုင်းရေခန်းမှသာ စပါးများစိုက်ပျိုးကြရသဖြင့် နွေစပါးကိုသာအဓိကထား စိုက်ပျိုးကြပါသည်။ သို့သော် တစ်ချို့နွေရာသီများတွင် ချောင်းရေများ ရေလျှံလာပြီး အင်းအတွင်းသို့ ဝင်ရောက်သဖြင့် လယ်များ ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ စပါးကို မုရင်းစပါး၊ မနောသုခစပါးများ စိုက်ပျိုးကြပြီး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၃၀) တင်းသာ ရှိပါသည်။ စိုက်ပျိုးရေအတွက် ချောင်းနှင့် နီးသောလယ်များနှင့် အင်းနှင့်နီးသော လယ်များမှာ စိုက်ပျိုးရေအခက်အခဲမရှိသော်လည်း အချို့လယ်များသည် ကုန်းတွင်းပိုင်းတွင် ရှိသဖြင့် စိုက်ပျိုးရေမှာ အခက်အခဲရှိပြီး လယ်များစိုက်ပျိုး၍မရပါ။ စပါးများကို စိုက်ပျိုးချိန်တွင် ခရုဖျက်ပိုး များကျရောက်သဖြင့် စပါးပျက်စီးမှုရှိသော်လည်း မိုးမကျမီနှင့် ဆောင်းရာသီများတွင် ခရုစုန်ငှက်များ လာရောက်ပြီးခရုများကို စားသောက်သဖြင့် ခရုအန္တရာယ်မှ ရှောင်ရှားနိုင်ပြီး ပျက်စီးဆုံးရှုံးမှု လျော့နည်းခဲ့ပါသည်။ ကိုင်းကျွန်းမြေများ၏ ကုန်းမြင့်ပိုင်း များတွင် ပဲများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် ပျမ်းမျှ (၁၀)တင်း ခန့်ထွက် ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက် (၁၇) စီး၊ အငှား (၂၀)စီး

ရှိပြီး၊လက်တွန်းထွန်စက် တစ်ဦးချင်းပိုင် (၂၅) စီး၊ အငှား (၂၂)စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် အငှား( ၃) စီး၊ ရိတ်စက် အငှား (၂၁)စီး ၊ ခြွေလှေ့စက် အငှား (၇)စီး၊ ရေစုပ်စက်တစ်ဦးချင်းပိုင် (၅၂) လုံး၊ အငှား (၂၆)လုံး နှင့် မြက်ရိတ်စက် တစ်ဦးချင်းပိုင် (၁၇)စင်းတို့ ရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များ ကိုလည်း မြို့နှင့် အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သို့သော် သီးနှံများစိုက်ပျိုးရာတွင် မြေသြဇာနှင့် ပိုးသတ်ဆေးများအသုံးပြုရန်အတွက် အသိပညာ အားနည်းမှုများရှိသဖြင့်စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲများကျင်းပပေးရန်လိုအပ်ပါ သည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြ ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၄၃) အိမ်ရှိပြီး နွားကောင်းရေ (၃၂၂) ကောင်၊ နို့စားနွား မွေးမြူထားသည့် အိမ်ထောင်စု (၁) အိမ် ရှိပြီး နို့စားနွားကောင်ရေ (၂)ကောင်သာရှိပြီး နွားများကို နွားနို့အတွက် မဟုတ်ဘဲ မျိုးကောင်း မျိုးသန့်များ မျိုးပွားရန်အတွက် မွေးမြူထားခြင်းဖြစ်ပြီး ၊ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၄) စုမှ (၄၁) ကောင်၊ အိမ်ထောင်စု (၆) အိမ်မှ ဆိတ် (၂၉) ကောင်၊ အိမ်ထောင်စု (၂၀) အိမ်မှ ဝက် (၃၁၆) ကောင်၊ အိမ်ထောင်စု (၇၀) အိမ်မှ ကြက် (၈၀၇) ကောင်၊ အိမ်ထောင်စု (၂၃) အိမ်မှ ဘဲ (၅၃၄) ကောင် စသည်ဖြင့် တိရိစ္ဆာန်များကို အိမ်ခြံဝင်းအတွင်းမြေနေရာ လုံလောက်မှုအသင့် အတင့်ရှိသဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ သို့သော် အိမ်ထောင်စု တစ်စု မှာ ဘဲများကို စီးပွားဖြင့် အကောင် (၂၀၀) ကျော်ခန့် ရွာအရှေ့ဘက် ချောင်းအနီးတွင် ဘဲခြံများကို စနစ်တကျဆောက်ပြီး မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်နေသည့် အိမ်ထောင်စု များလည်း ရှိပါသည်။

တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာ တွင် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများမလုပ်ကိုင်သည့် အိမ်ထောင်စုများ မှ အနည်းငယ်သည် တပိုင်တနိုင် ဈေးဆိုင်များဖွင့်လှစ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်နေကြပါသည်။ ထို့အပြင် ကျေးရွာအနီးရှိ ကျုံမဒွတ်ချောင်းဘေး တွင် အခြားကျေးရွာလာရောက်လုပ်ကိုင်နေသော အုတ်ဖိုတစ်ဖိုရှိပြီး ၄င်း အုတ်ဖိုကြောင့် ကျေးရွာတွင် နေ့စားအလုပ်သမားများ အလုပ်အကိုင်ရရှိခဲ့ပါသည်။ ကျေးရွာတွင် နွေစပါး သာ စိုက်ပျိုးရသဖြင့် မိုးတွင်းကာလများတွင် အခြားလယ်များသို့ နေ့စားလုပ်ကိုင် ရသည့် အိမ်ထောင်စုများလည်းရှိပါသည်။ တစ်ချို့အိမ်ထောင်စုများသည် ရော်ဘာခြံများတွင် နေ့စား လုပ်ကြပြီး တစ်ချို့ အိမ်ထောင်စုများသည် လက်သမား/ ပန်းရံလုပ်ငန်းများနှင့် နေ့စား ကျပန်း လုပ်ငန်းများ ဖြင့်လည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို လုပ်ကိုင်နေ ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင် နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီ ထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများ နှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အား ရှားပါး ပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

နွေစပါးကိုသာ စိုက်ပျိုးရသဖြင့် စိုက်ပျိုးရေးအတွက် ချေးငွေများကို စိုက်ဘဏ် တွင် မရရှိပါ။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင် များသည် ချေးငွေများ ကို Easy,BNK,PSI အဖွဲ့များမှ မိမိတို့လုပ်ငန်းအတွက်ချေးငွေများရရှိ၍ လုပ်ငန်းများ လုပ်ဆောင် နိုင်ကြသော်လည်း လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင် လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ Easy,BNK,PSI တို့မှတစ်လအတိုးနှုန်းမှာ ( ၂- ၅) ရာခိုင်နှုန်းအထိ ချေးငွေကို ချေးယူနေရပြီး ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှလည်း တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် လှေ (၂၆)စီး၊ စက်လှေ (၇) စီး၊ စက်ဘီး (၁၇၉) စီး၊ မော်တော် ဆိုင်ကယ် (၁၁၂) စီး၊ သုံးဘီးဆိုင်ကယ် (၂) စီး၊ ထော်လာဂျီ (၁၉) စီး၊ ကား (၁၃) စီးနှင့် နွားလှည်း (၂)စီး စသည် ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် ရွာတွင်းလမ်း (၇)လမ်းရှိပြီး လမ်းများအားလုံးမှာ မြေသားလမ်းများ ဖြစ်ကြပါသည်။ ထို့အပြင် ကျေးရွာချင်းဆက်လမ်း (၃)လမ်း ရှိပြီး ရွာအဝင်လမ်း(၁)လမ်း မှာ လွန်ခဲ့သော (၇)နှစ်ခန့်မှ လွှတ်တော်ရန်ပုံငွေဖြင့် ကျောက်ခင်း လမ်း ပေ၁၅၀၀ကိုခင်းခဲ့သော်လည်း ကျန်လမ်းများမှာ မြေသားလမ်းများဖြစ်ပြီး အင်းဖြတ်လမ်း ကျေးရွာချင်းဆက်လမ်းသည် ကျောင်းသားများ ကျောင်းသွားရန်အတွက် အမှတ်(၂) မုတ္တမ– သဲအိမ် – ကြာပန်းလမ်း ခရိုင်ချင်းဆက်လမ်းမကြီးသို့ဆက်နေသဖြင့် ကျောင်းတက်ရန်အတွက် အဆင်ပြေသော်လည်း နွေရာသီမှသာ အသုံးပြုနိုင်ပြီး မိုးတွင်းကာလ များတွင်ရေမြုပ်၍ သွားလာ၍မရပါ။ ထို့ကြောင့် ကျောင်းသူ/သားများသည် မိုးတွင်းကာလများတွင် ရွာအဝင်လမ်းမကြီးကိုသာ အဓိကထား၍ သွားလာကြပါသည်။ ကျေးရွာရှိလမ်းများအားလုံးနီးပါးသည် မြေသား လမ်းများ ဖြစ်သော ကြောင့် မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော် ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

အင်းဝိုင်းကြီးကျေးရွာတွင် ကွန်ကရစ်တံတား (၅) စင်း ရှိပြီး တံတားများမှာ သွားလာရန် အတွက်အဆင်ပြေသော်လည်း ရွာတွင်းလမ်းများအားလုံးနီးပါးသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးတွင်းကာလရေကျော်သောနေရာများတွင် ကွန်ကရစ် ရေပြွန်နှစ်စင်းတည်ဆောက်ပါက လမ်းများရေကျော်ခြင်းမှ ကင်းဝေး၍ သွားလာရန် အခက်အခဲများ လျော့နည်းသွားမည်ဖြစ်ပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါသဖြင့် ဆိုလာဖြင့် မီးလင်းနေသောအိမ်ထောင်စု (၁၃၅)စု၊ ဒီဇယ်အင်ဂျင်ဖြင့်မီးလင်းနေသော အိမ်ထောင်စု ကိုယ်ပိုင် (၆) စု၊ အခြားမီးလင်းရေးဖြင့် အသုံးပြုနေသောအိမ်ထောင်စု (၃)စုနှင့် မီးလင်းရန်အတွက် အသုံးမပြုနိုင်သည့် အိမ်ထောင်စု(၅၄)စုရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် လျှပ်စစ်မီး မရှိသည့်အတွက် ကျောင်းသားများ အနေဖြင့် စာကြည့်ရန်အတွက် အခက်အခဲရှိခြင်း ၊ဖယောင်းတိုင်များ ၊ဆီမီးခွက်များကိုအသုံး ပြုနေကြပါသဖြင့် မီးဘေးအန္တရာယ် ကျရောက်

နိုင်ခြင်း စသည့်အခက်အခဲများရှိပါသည်။ သို့သော်လည်း ကျေးရွာ၏ မြောက်ဘက်တစ်မိုင်ခန့်အကွာ ဈေးမသွယ်အထက်ကျေးရွာအုပ်စု ပအိုဝ်စုကျေးရွာတွင် လျှပ်စစ်မီးရရှိနေပြီးဖြစ်၍ မဟာဓါတ် အားလိုင်း အတွင်းကျေးရွာဖြစ်ပြီး လျှပ်စစ်မီးရရှိရန် အတွက် မြို့နယ်လျှပ်စစ်ရုံးတွင် - တင်ပြထားပြီးဖြစ်ပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

အင်းဝိုင်းကြီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၅၃) လုံး၊ ရေဒီယို (၆၀) လုံး၊ တီဗွီ (၇၂) လုံး၊ ဂြိုလ်တုစလောင်း (၁၈) လုံး စသည်တို့မှ ရရှိသည့်အပြင် ဖုန်းတာဝါတိုင်များလည်း အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

## ၆။ ပညာရေး

ကျေးရွာပိုင် မူလတန်းကျောင်းတွင် မူလတန်းအဆင့် ပညာရေးထိသာ ပညာသင်ကြားရပြီး တခြားကျေးရွာများတွင် ပညာများဆက်လမ်းသင်ယူရာတွင် ရွာနှင့်အလှမ်းဝေးသဖြင့် ကျေးရွာအတွင်းရှိ မူလတန်းကျောင်းမှ မူလွန်သို့ အဆင့်မြှင့်တင် ပေးရန် လိုအပ်ပါသည်။ အဆင့်မြင့်ပညာရေးများကို ကျေးရွာအနီးရှိ ဈေးမသွယ်အထက်ကျေးရွာ အုပ်စု အလယ်တန်းကျောင်း တွင် အလယ်တန်းအဆင့် ကိုပညာသင်ယူနိုင်ပြီး စခန်းကြီးကျေးရွာ အုပ်စု ညောင်ချောင်းကျေးရွာ တွင်လည်း အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် များကို ဆက်လက်ပညာ သင်ယူကြပါသည်။ထိုသို့ ကျေးရွာမှ အခြားကျောင်းများသို့ ကားနှင့် စက်ဘီးများဖြင့် သွားရောက်ရပြီး ကျောင်းကြို ကျောင်းပို့ကားများမှာ တစ်နှစ်ပတ်လုံး အတွက် ကျောင်းသားတစ်ဦး တစ်သိန်းနှုန်းခန့် ပေးရပါသည်။ ကျေးရွာတွင် တက္ကသိုလ်တက်နေသည့် ကျောင်းသား ကျောင်းသူများလည်း အနည်းငယ် ရှိပါသည်။ ကျေးရွာရှိ ကျေးရွာပိုင် မူလတန်းကျောင်းမှာ ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်ထားပြီး ကျောင်းဆောင်သုံးဆောင်ရှိပါသည်။ တစ်တန်း၊ နှစ်တန်း၊ သုံးတန်း ကျောင်းဆောင်သည် ယူနီဆက် ရန်ပုံငွေနှင့် ကျောင်းဆောင်အား တိုးချဲ့ တည်ဆောက်ထားသည်မှာ နှစ်ပေါင်း နှစ်ဆယ်ကျော်ပြီး ဖြစ်သဖြင့် မျက်နှာကျက် ၊ အမိုးနှင့် တံခါးများမှာ ဟောင်းနွမ်းပျက်စီး နေပါသဖြင့် အသစ်ပြုပြင် ဆောင်ရွက်ရန်နှင့် လေးတန်းစာသင် ဆောင်မှာ ဖက်မိုးထရံကာ ဖြစ်ပြီး ကျောင်းသား ဦးရေမှာ (၂၄၇)ဦး ရှိသဖြင့် မိုးတွင်းကာလများတွင် စာသင်ရန် အတွက်အခက်အခဲရှိခြင်းကြောင့် ကျောင်းဆောင်အသစ်တစ်ဆောင်တည်ဆောက်ရန် လိုအပ်ပါသည်။

ထို့အပြင် KG ကျောင်းဆောင်မှာလည်း ကွန်ကရစ်ကျောင်းဆောင်ဖြစ်သော်လည်း ကိုယ်ထူကိုယ်ထဖြင့် လွန်ခဲ့သော ၁၀နှစ်ခန့်မှ တည်ဆောက်ထားသောကြောင့် ကျောင်းအမိုး နှင့် ကြမ်းခင်းများ လဲရန်လိုအပ်ပါသည်။ ယခု လက်ရှိကျောင်းအိမ်သာမှာ ၂လုံးသာရှိသဖြင့် ကျောင်းသားဦးရေ နှင့် မညီမျှသောကြောင့် နှစ်ခန်းတွဲအိမ်သာ ၂လုံးတည်ဆောက်ရန် လိုအပ် ပါသည်။ ကျောင်းတွင် စာသင်ခုံများမှာလည်း ကျောင်းသားများနေသဖြင့် မလုံ လောက်ခြင်းနှင့် ကျောက်သင် ပုန်းများမှာလည်း ဟောင်းနွမ်း နေသဖြင့် အသစ်ပေးရန် လိုအပ်ပါသည်။ ကျောင်းခြံစည်းရိုးမှာလည်းမရှိသဖြင့် ကျောင်းသားများ လုံခြုံမှုရှိစေရန် အတွက် ကျောင်းခြံစည်းရိုး ခတ်ရန် လိုအပ်ပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၇၇) ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၉) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၃) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၁) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံပေးခဲ့ပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော်လည်း စခန်းကြီးကျေးရွာအုပ်စု ညောင်ချောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် အင်းဝိုင်းကြီးကျေးရွာအား တာဝန်ယူရသောဆရာမ ထံတွင်ဆေးဝါးကုသမှုခံယူကြပြီး တစ်ချို့ကျေးရွာသူ/သားများသည် ဈေးမသွယ်အထက်ကျေးရွာအုပ်စု လမ်းမတန်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ဆေးဝါးကုသမှုခံယူကြပါသည်။ အင်းဝိုင်းကြီးကျေးရွာသည် သထုံမြို့နှင့် နီးပြီး အလွယ်တကူသွားလာနိုင်သောကြောင့် အရေးပေါ်အခြေအနေ တွင် သထုံမြို့နယ် ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေး နှင့် ပတ်သက်သည့် အခက်အခဲများ မရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို လက်တူးတွင်းများဖြင့် အဓိကထား အသုံးပြုကြသော်လည်း တစ်ချို့လက်တူးတွင်းများမှာ နွေရာသီတွင်ရေများခမ်း၍ မခမ်းသည့် လက်တူးတွင်းများရှိရေများကို ဝေမျှသုံးစွဲကြပါသည်။ ကျေးရွာတွင် သန့်ရှင်းသော

ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု အများအပြားရှိသော်လည်း အိမ်သာမရှိသည့် အိမ်ထောင်စုများလည်းရှိသဖြင့် ကျန်းမာရေးပညာပေးဟော်ပြောပွဲများ ကျင်းပပေးရန်လည်းလိုအပ်ပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အင်းဝိုင်းကြီးကျေးရွာတွင် ဆင်းရဲသည့် အိမ်ထောင်စုများ နှင့် လက်လုပ်လက်စား ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စု များထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

အင်းဝိုင်းကြီးကျေးရွာသည် အင်းများပတ်လည်းဝိုင်းနေသဖြင့် ရွာသည် နှစ်စဉ် ရေကြီးသော်လည်း ရွာအရှေ့ပိုင်းမှာ ရေမြုပ်ပြီး မြေနိမ့်ပိုင်းများတွင် ၃ပေခန့်သာမြုပ် ပါသည် ။ မိုးရာသီတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပြီး ဆီးချိုရောဂါခံစား နေရသည့် လူနာ အနည်းငယ်သာ လည်းရှိပါသည်။ တီရီစ္စာန်ရောဂါများသည် ရာသီကူး ပြောင်း မှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဂက် တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်း ငယ် ရှိပါသည်။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

အင်းဝိုင်းကြီးကျေးရွာ၏ ကျေးရွာအုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးတစ်ဦး သာပါဝင်သဖြင့် အမျိုးသမီးပါဝင်မှု အားနည်း သော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိ သော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – ဈေးမသွယ်အောက်ကျေးရွာအုပ်စု | | | ကျေးရွာအမည် – အင်းဝိုင်းကြီး | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာအဝင်(၁)လမ်း ကျောက်ခင်းလမ်း (၁၅၀၀' x ၁၂') အား ကွန်ကရစ်လမ်းသို့ | |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာအဝင်(၂)လမ်း မြေသားလမ်း (၃၀၇၀' x ၁၂') အား ကွန်ကရစ်လမ်းသို့ | |
| ၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | မူလတန်းကျောင်းရှိ လေးတန်းကျောင်းဆောင် (ဝါး)ကျောင်းအားကွန်ကရစ်ကျောင်း ဆောင်သို့ အဆင့်မြှင့်တင်ခြင်း | |
| ၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | မူလွန်ကျောင်းသို့အဆင့်မြှင့်တင်ခြင်း | |
| ၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းအိမ်သာ(၂)ခန်းတွဲနှစ်လုံးတည်ဆောက်ခြင်း | |
| ၆ | ငွေကြေး | ရပ်ရွာအခြေပြု | မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၇ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။ | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | မူလတန်းကျောင်း ကျောင်းခြံစည်းရိုးအလွတ်အား အုတ်တိုင်ခြံစည်းရိုးခတ်ခြင်း | |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | KG ကျောင်းဆောင်အမိုးကြမ်းခင်းအား ပြုပြင်ထိန်းသိမ်းမှု လုပ်ဆောင်ခြင်း/ ကွန်ကရစ် ကျောင်းဆောင်အသစ်တည်ဆောက်ခြင်း | |
| ၁၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | တစ်တန်း၊နှစ်တန်း၊သုံးတန်းကျောင်းဆောင် အမိုး၊ကြမ်းခင်း အားပြုပြင်ထိန်းသိမ်းမှုလုပ်ဆောင်ခြင်း/ ကျောင်းဆောင်းအသစ်တည်ဆောက်ခြင်း | |
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | အင်းဖြတ်လမ်း မြေသားလမ်းအား (၃၁၉၀' x ၁၂') အား ၄'အမြင့်မြေသားလမ်းသို့အဆင့်မြှင့်တင်ခြင်း | |
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာအလယ်လမ်းမြေသားလမ်း (၈၂၀' x ၁၂') အား ဂဝံမြေနီလမ်းသို့ | |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | နိုင်ငံအေးဘုရားလမ်းမြေသားလမ်း (၁၆၄၀' x ၁၂') အား ၁.၅'အမြင့်မြေသားလမ်းသို့ အဆင့်မြှင့်တင်ခြင်း | |
| ၁၄ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | အနောက်တောင်လမ်းမြေသားလမ်း (၁၅၀၀' x ၁၂') အား ၁.၅'အမြင့်မြေသားလမ်းသို့ အဆင့်မြှင့်တင်ခြင်း | |

| ကျေးရွာအုပ်စုအမည် – ဈေးမသွယ်အောက်ကျေးရွာအုပ်စု | | | ကျေးရွာအမည် – အင်းဝိုင်းကြီး | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | သုံးအိမ်လမ်း မြေသားလမ်း (၁၅၀၀' x ၁၂' ) အား ၁.၅'အမြင့်မြေသားလမ်းသို့ အဆင့်မြှင့်တင်ခြင်း | |
| ၁၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာအလယ်လမ်းပေါ်တွင် ကွန်ကရစ်ရေပြွန် (၂)စင်းတည်ဆောက်ခြင်း | |
| ၁၇ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာ သင်တန်း/ ဟောပြောပွဲများစီစဉ်ဆောင်ရွက်ခြင်း | |
| ၁၈ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစားအလတ်စားစီးပွား ရေးလုပ်ငန်းဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ကားဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ခြင်း | |
| ၁၉ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစားအလတ်စားစီးပွား ရေးလုပ်ငန်းဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စက်ချုပ်သင်တန်းဖွင့်လှစ်ခြင်း | |
| ၂၀ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | သင့်တော်သော နေရာအား အားကစားကွင်းပြုလုပ်နိုင်ရန်စုပေါင်းတိုင်ပင်ခြင်း | |
| ၂၁ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ကျေးရွာပိုင်စာကြည့်တိုက်/လေ့လာသင်ယူရန်နေရာတစ်ခုဖန်တီးခြင်း | |
| ၂၂ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျေးလက်ဆေးပေးခန်းတစ်ဆောင်တည်ဆောက်ခြင်း | |
| ၂၃ | | | | |
| ၂၄ | | | | |
| ၂၅ | | | | |
| ၂၆ | | | | |
| ၂၇ | | | | |
| ၂၈ | | | | |
| ၂၉ | | | | |
| ၃၀ | | | | |
| ၃၁ | | | | |
| ၃၂ | | | | |

နောက်ဆက်တွဲ (၁)

## အင်းဝိုင်းကြီးကျေးရွာ၊ ဈေးမသွယ်အောက်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလှမင်းအောင် | ဦးတစ္စတ် | ၁၀/သထန (နိုင်) ၀၄၄၀၉၄ | ၄၇ | အုပ်ချုပ်ရေးမှူး /နာယက | ၀၉၇၈၉၅၂၅၁၈၁ |
| ၂ | ဦးတာနူး | ဦးမောင်မြိုင် | ၁၀/သထန (နိုင်) ၁၈၂၀၉၀ | ၆၅ | နာယက | |
| ၃ | ဦးစိန်သာ | ဦးကြာဖူး | ၁၀/သထန (နိုင်) ၀၂၃၆၈၁ | ၆၃ | ဥက္ကဋ္ဌ | ၀၉၄၀၁၉၅၉၆၉ |
| ၄ | ဦးဖိုးရွှေမတ် | ဦးကော်ကဲ | ၁၀/သထန (နိုင်) ၂၅၁၅၇၇ | ၅၆ | အတွင်းရေးမှူး | ၀၉၇၈၄၈၉၃၆၀၅ |
| ၅ | ဦးစိုးဝင်း | ဦးပြည်စိုး | ၁၀/သထန (နိုင်) ၁၃၃၀၄၉ | ၄၁ | ဘဏ္ဍာရေးမှူး | ၀၉၇၈၈၉၇၃၈၃၇ |
| ၆ | ဒေါ်နောတင်တင်မူ | ဦးသာအောင် | ၁၀/သထန (နိုင်) ၂၁၈၀၆၆ | ၂၃ | စာရင်းကိုင်(၁) | |
| ၇ | ဒေါ်စုစုငြိမ်း | ဦးစိုးနိုင်ဦး | ၁၀/သထန (နိုင်) ၂၃၉၉၃၆ | ၁၉ | စာရင်းကိုင်(၂) | ၀၉၇၈၄၆၆၀၉၅၀ |
| ၈ | ဦးမောင်ဘွဲ့ | ဦးခွေးရင် | ၁၀/သထန (နိုင်) ၂၅၁၆၀၂ | ၅၂ | အဖွဲ့ဝင် | |
| ၉ | ဦးသိန်းအောင် | ဦးအောင်ဖေဖိုး | ၁၀/သထန (နိုင်) ၀၂၃၇၀၅ | ၆၃ | အဖွဲ့ဝင် | |
| ၁၀ | | | | | | |
| ၁၁ | | | | | | |
| ၁၂ | | | | | | |
| ၁၃ | | | | | | |
| ၁၄ | | | | | | |
| ၁၅ | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၄ | ၁၇ | ၃၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၅၂ | ၃၇ | ၈၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၃ | ၇၂ | ၁၂၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၈၁ | ၇၅ | ၁၅၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၆၅ | ၄၅၄ | ၉၁၉ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၁၈ | ၃၄ |
| စုစုပေါင်း | | ၆၈၁ | ၆၇၃ | ၁၃၅၄ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၉၈ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာတွင် အိမ်ထောင်စု (၁၉၈) စု၊ လူဦးရေ (၁၃၅၄) ဦး ရှိပါသည်။ အင်းဝိုင်းကြီးကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၂.၂၉%)၊ မူလတန်းကျောင်းသားအရွယ် (၉.၂၃%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၁.၅၂%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၇.၈၇%)၊ သက်ကြီးရွယ်ကြီးအရွယ် (၂.၅၁%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၉.၆၂)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၄၆၅) ဦး၊ မ (၄၅၄) ဦး စုစုပေါင်း (၉၁၉) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၇.၈၇)% ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသား အရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၂ | ၁၃၈ | – | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၇ | ၃၄ | ၁ | မြင့် ☐ လတ် ✓ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | ၂ | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၈ | ၄ | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | တက္ကသိုလ်နှင့်နီးသောကြောင့် ကိုယ်ပိုင် အဆောင်များဖွင့်ခြင်း |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၈၂ | ၁၅၄ | ၂၄၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၉၈ | ၃၄၄ | ၂၅၁ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ

၈။ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာတွင် အများအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ များပြားပြီး တစ်ပိုင်တစ်နိုင်စျေးဆိုင်များ ဖွင့် သည့် အိမ်ထောင်စု များလည်း ရှိပါသည်။ ထို့အပြင် ဆန်စက်ပိုင်ဆိုင်သည့် အိမ်ထောင်စု(၁) စုရှိပါသည်။ ကျေးရွာတွင် စစ်သား (၃) ဦးနှင့် ကျန်းမာရေးဝန်ထမ်း (၁) ဦးရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ခြင်း၊ တစ်ပိုင်တစ်နိုင်စျေးဆိုင်များဖွင့်လှစ်ခြင်းနှင့် နေ့စားကျပန်း စသည့်အလုပ်များကိုသာ လုပ်ကိုင် ကြသဖြင့် အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါး သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးသော ကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်သည့် ဦးရေများရခြင်း ဖြစ်သည်။ ထို့အပြင် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရန် အတွက် လျှပ်စစ်မီးမှာလည်း ရရှိမှုမရှိသေးသဖြင့် အလုပ်အကိုင်အခွင့်လမ်းများ နည်းပါး၍ ပြင်ပသို့သွားရောက်လုပ်ကိုင်ခြင်းများလည်းရှိပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင် သည့် အိမ်ထောင်စုများ တစ်စုသာရှိပြီး တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းကိုသာ လုပ်ကိုင် ကြပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၄၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၄၅၀၀ | - | ၄၀၀၀ | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | - | ၁၀၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အများအားဖြင့် လယ်များ၊ ရော်ဘာခြံများ၊ အုတ်ဖိုများ၊ ဘဲခြံစသည့် လုပ်ငန်းများတွင် လုပ်ကိုင်နေကြပြီး လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိပါ။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၄၀၆.၃ | ကောင်း ☐ သင့်✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်✓ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃၅.၅ | ကောင်း ☐ သင့်✓ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၆၃.၅ | ကောင်း ☐ သင့်✓ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၂၀ | ကောင်း ☐ သင့်☐ ညံ့ ✓ |
| မြေလွတ် မြေလပ် | ၁၅.၁ | ကောင်း ☐ သင့်☐ ညံ့ ✓ |
| **စုစုပေါင်း** | **၅၂၂.၉** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာတွင် လယ် (၄၀၆.၃) ဧကနှင့် ရော်ဘာခြံ (၃၅.၅) ဧကရှိပါသည်။ ဒုံ့သမိချောင်းအနီးတွင် ကိုင်း/ကျွန်းမြေ ၆၃.၅ဧက ရှိပြီး ကုန်းမြင့်ပိုင်းတွင် ပဲများစိုက်ပျိုးကြပြီး မြေနိမ့်ပိုင်းများတွင် မုရင်းစပါးများစိုက်ပျိုးကြပါသည်။ ထို့အပြင်မြေဆီလွှာ အရည်အသွေးမှာလည်း ကောင်းမွန်ပါသည်။ အင်းဝိုင်းကြီးကျေးရွာတွင် သီးနှံများမစိုက်သည့် မြေလွတ်မြေလပ် (၁၅.၁) ဧကရှိပြီး ၎င်းမြေများသည်ကုန်းတွင်းပိုင်းတွင်ရှိသောကြောင့် စိုက်ပျိုးရေ အခက်အခဲ မှုများရှိသဖြင့် သီးနှံများပျက်စီးဆုံးရှုံးမှုများကြုံတွေ့ရသောကြောင့် စွန့်လွှတ်ထားခြင်း ဖြစ်ပါသည်။ ၎င်းအပြင် အင်းဝိုင်းကြီးကျေးရွာတွင် စားကျက်မြေ(၁၅.၁) ဧကရှိပါသည်။

### (ဂ-၂) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျောက်၊ သဲနှင့် ကျောက်စရစ်များသည် ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် မရှိသော်လည်း ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြိုင်ကလေးကျေးရွာမှ အလွယ်တကူဝယ်ယူရရှိ အသုံးချနိုင်ပါသည်။ သို့သော် ကျေးရွာရှိကျုံမဒွတ်ချောင်းဘေးတွင် အခြားကျေးရွာမှ အုတ်ဖိုလုပ်ငန်းများ လာရောက်လုပ်ကိုင်နေပြီး အုတ်ဖုတ်ရန်အတွက်အသုံးပြုသော မြေသားမှာ မြေပြာမြေဝါဖြစ်သည့်အပြင် သဲများမပါ ရှိခြင်းကြောင့် ကောင်းမွန်သည့် အုတ်သားများရရှိ ပါသည်။

### (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၀ ကေအထက် | ၁၀ ကေအောက် | ၅ ကေနှင့် အောက် | မရှိ |
| အိမ်အခြေအနေ | တိုက်အိမ် အုတ်ညှပ် | အုတ်ညှပ် | သစ်အိမ် သွပ်မိုး/ထရံကာ | ဖက်မိုး၊ ဖက်ကာ၊ ဝါးအိမ် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | စပါးရိတ်စက် ဆန်စက် ရော်ဘာကြိတ်စက် လက်တွန်းထွန်စက် | နွား၊ လက်တွန်း ထွန်စက် | နွား | မရှိ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| အဓိကစီးပွားရေး လုပ်ငန်း | စပါး၊ ရော်ဘာခြံ ဈေးဆိုင် | စပါး၊ရော်ဘာခြံ၊ | မရင်းစပါး၊ ကြုံရာကျပန်း | ကြုံရာကျပန်း |
| **အိမ်ထောင်စု** | ၂၀ | ၆၇ | ၁၂၄ | ၇ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု သည် ကျေးရွာအိမ်ထောင်စုစုပေါင်း၏ (၁၀%)ကျော်ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကြခြင်း တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖွင့်ခြင်း၊ ဆန်စက်များဖွင့်ခြင်း စသည့်လုပ်ငန်းများလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စု များလည်း နွေရာသီတွင်မုရင်းစပါးစိုက်ခြင်း၊ ရော်ဘာစိုက်ခြင်း စသည့်လုပ်ငန်းများဖြင့်အသက် မွေးဝမ်းကျောင်းပြုကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနုတ်၊ အုတ်ဖိုဝင် စသည့် ရာသီလိုက် ကြုံရာကျပန်း လုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။**  ။.....................................................................

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

..........................................................................................

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အင်းဝိုင်းကြီးကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ မရှိပါ။ ကျေးရွာသူ/ ကျေးရွာသားများသည် အရေးပေါ် ကိစ္စရပ်များ တွေ့ကြုံလာပါက တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာသည် နွေစပါးကိုသာအဓိကထားစိုက်ပျိုး ရပြီး စိုက်ပျိုးရေအတွက် ချောင်းရေနှင့် အင်းရေများကိုအဓိကအသုံးပြုကြရပါသည်။ ထို့ကြောင့် တစ်ခါတစ်ရံ ချောင်းရေများ အင်းအတွင်းသို့ဝင်ရောက်လာသဖြင့် ရေနစ်မြုပ်ပြီး စပါးများပျက်စီး သဖြင့် စပါးများပြန်စိုက်ရ သောကြောင့် အချိန်ကုန်၊ ငွေကုန်သဖြင့် စိုက်ပျိုးရေး အတွက် ကုန်ကျ စရိတ် များပြားပြီး စားနပ် ရိက္ခာဖူလုံမှု အနည်းငယ်လျော့နည်း ပါသည်။ စိုက်ပျိုးခြင်းအတွက် ချောင်းရေ ၊ အင်းရေများကိုအသုံးပြုနေကြသော်လည်း ကုန်းတွင်းပိုင်းသို့ ရောက်ရှိနေသော လယ်အနည်းငယ်မှာ စိုက်ပျိုးရေအခက်အခဲ ကြုံတွေ့ရပါသည်။ အင်းဝိုင်းကြီးကျေးရွာသည် အင်းများပတ်လည်းဝိုင်းနေသဖြင့် နှစ်စဉ် ရေကြီးသော်လည်း ရွာအရှေ့ပိုင်း ရှိ မြေနိမ့်ပိုင်း များ တွင် ၃ပေခန့်သာရေမြုပ် ပါသည် ။ မိုးရာသီတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ် ရှိပြီး လွန်ခဲ့သော ၃နှစ်ခန့်မှ World Concent အဖွဲ့မှ ငှက်ဖျားတိုက်ဖျက်ရေး အစီအစဉ်များ – ဆောင်ရွက်ခဲ့သဖြင့် ငှက်ဖျားရောဂါဖြစ်ပွားမှု လျော့နည်း သွားခြင်း ဖြစ်ပါသည်။တီဘီရောဂါ လူနာ အနည်းငယ် ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်း လုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခ များမရှိပါ။ ရာသီကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာရောဂါ စသည့် တိရိစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဂက်တုပ်ကွေး ရောဂါ များ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု မရှိပါ။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ်✓ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အင်းဝိုင်းကြီးကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ် သာရှိသဖြင့် ၎င်း အိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင် ပါသည်။ထို့အပြင် ရွှေ့ပြောင်း လုပ်သားများမှာ မိမိ နေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန်အတွက် အခွင့်အလမ်း နည်းပါးခြင်း၊ အသက်မွေးမှု နည်းပညာ အားနည်းခြင်းတို့ကြောင့် ရွှေ့ပြောင်းသွား လာနေထိုင်သည့် အိမ်ထောင်စု များရခြင်း ဖြစ် သည်။ ၎င်းတို့သည် အခြားဘေးအန္တရာယ် ကြုံတွေ့ပါက ထိခိုက်သက်ရောက်မှု နည်းပါးပါသည်။

### (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂✓ ၃☐ | ၁၂ | – | ၁ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂✓ ၃☐ | ၂ | - | ၂ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၃ | ပရဟိတ | ၁☐ ၂✓ ၃☐ | ၂ | - | ၂ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၄ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | ၁☐ ၂✓ ၃☐ | ၄ | ၁ | ၅ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၅ | လူပျိုခေါင်းအဖွဲ့ | ၁☐ ၂✓ ၃☐ | ၃ | - | ၃ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၆ | အိုးသကြီးအဖွဲ့ | ၁☐ ၂✓ ၃☐ | ၂ | - | ၂ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၇ | အမျိုးသမီးရေးရာ | ၁☐ ၂✓ ၃☐ | - | ၃ | ၃ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင် နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။အင်းဝိုင်းကြီးကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီး တစ်ဦးပါဝင်ခြင်းရှိသော်လည်း အမျိုးသမီးပါဝင်မှု မှာအားနည်းနေပါသည်။သို့သော် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့များအား လုံးစုပေါင်း၍ စည်းလုံးစွာဖြင့် ဆောင်ရွက်ကြ ပါသည်။ အမျိုးသမီးရေးရာအဖွဲ့သည် ကျေးရွာသို့ ကျန်းမာရေးနှင့်ပတ်သတ်၍ မြို့နယ်မှ ကွင်းဆင်း ဆောင်ရွက်သည့် ကိစ္စများအား လိုက်ပါဆောင်ရွက်ပေးကြပါသည်။ ကျောင်းအကျိုးတော်ဆောင် အဖွဲ့မှာလည်း ကျောင်း၏ လိုအပ်ချက်များနှင့် ကလေးများပညာသင်ကြားရာတွင် အခက်အခဲ မရှိစေရန် အလေးထားဆောင် ရွက်နေပါသည်။ ပရဟိတအဖွဲ့၊ လူပျိုခေါင်းအဖွဲ့၊အိုးသူကြီးအဖွဲ့ များသည် ကျေးရွာ၏ သာ ရေး၊ နာရေးနှင့် အခြားသော ပရဟိတ လုပ်ငန်းများတွင် စည်းလုံး – ညီညွတ်စွာဖြင့် အတူတကွ စုပေါင်းလုပ်ကိုင်နေကြပါသည်။

## (က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | Easy | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇✓ | ပညာရေး ☐ ငွေကြေး ✓<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| | BNK | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇✓ | ပညာရေး ☐ ငွေကြေး ✓<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| | Unicef | ၁☐ ၂☐ ၃☐ ၄✓ ၅☐ ၆☐ ၇☐ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| | World Concern | ၁☐ ၂☐ ၃☐ ၄✓ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐ |

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| | | | ကျန်းမာရေး✓ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | PSI | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇✓ | ပညာရေး ☐ ငွေကြေး ✓<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာတွင် အချို့ရွာသူ/ရွာသားများသည် တစ်ပိုင်တစ်နိုင်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများလုပ်ကိုင်ရန် အတွက် Easy၊ BNK၊ PSIအဖွဲ့များမှ ချေးငွေများဖြင့် ဆောင်ရွက်နေကြပါသည်။ Unicefအဖွဲ့မှ ကျေးရွာပိုင် ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်ထားသော မူလတန်းကျောင်းမှ ကျောင်းဆောင်တစ်ဆောင်အား တိုးချဲ့တည်ဆောက်လှူဒါန်းပေးခဲ့ပါသည်။ ထို့အပြင် World Concern အဖွဲ့မှ ကျေးရွာအတွင်း ရေတွင်းများအား အမိုးများဆောက်လုပ်ပေးခြင်း၊ ယင်လုံအိမ်သာများအသုံးပြုမှု အသိပညာပေးဟော်ပြောခြင်းနှင့် ယင်လုံအိမ်သာများတည်ဆောက်ပေးခြင်းများဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းကြောင့် ကျေးရွာတွင် ယခင်က အိမ်သာအသုံးပြုမှုအားနည်းခြင်းများလျော့နည်းလာခဲ့ပြီး အိမ်သာများ တည်ဆောက်အသုံးပြုလာကြပါသည်။ ထို့အပြင် ၎င်းအဖွဲ့သည် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့သဖြင့် ကျေးရွာတွင် ငှက်ဖျားရောဂါဖြစ်ပွားမှုလျော့နည်းလာခဲ့ပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (ခ–၁) သီးနှံထုတ်လုပ်ရေး

## (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၀၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၃၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေ ကြား | ၄၂ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၁၉ | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | ၆ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၉၈ | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။ ၁၂.၅ ကေ အထက် ပိုင်ဆိုင်သည့် တောင်သူကြီးဦးရေ နည်းပါးပြီး ဆင်းရဲသား တောင်သူနှင့်တောင်သူငယ်၊ တောင်သူလတ် အိမ်ထောင်စုအရေအတွက်စုစုပေါင်းသည် ကျေးရွာ၏ အိမ်ထောင်စုစုပေါင်းနှင့်ထက်ဝက်ခန့်ရှိပါသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ကေ) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၅ | အဝီစိတွင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၆ | လက်ငင် ရေတွင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ ☐ |
| ၈ | ချောင်းရေ | ၃၀၀ | တစ်နှစ်ပတ်လုံး✓ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ✓ မရှိ☐ မဖြေဆိုပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာသည် နွေစပါးနှင့်ပဲများသာစိုက်ပျိုးကြပြီး စိုက်ပျိုးရေးအတွက် ရေများကို ချောင်းရေ နှင့် အင်းရေ များကိုသာအဓိကထားစိုက်ပျိုးကြပါသည်။ အင်းများရှိလယ်များသည် အင်းတိမ်ပိုင်း ရေနည်းမှသာ ရေမရှိသောနေရာများတွင် စပါးများကို စိုက်ပျိုးရပါသည်။ သို့သော် တစ်ခါတစ်ရံ ချောင်းရေများလျှံပြီးတက်လာသဖြင့် စပါးများပျက်စီး ဆုံးရှုံးမှုများ ရှိပါသည်။ သို့သော် ကုန်းတွင်း ပိုင်း ကျရောက်သော လယ်များသည် စိုက်ပျိုးရေ အခက်အခဲရှိပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုး သည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| စပါး | ၄၅၀ | တင်း | ၄၀ | ၅၀ | ၃၀ | အောက်တိုဘာ | ဖေဖော်ဝါရီ | မြင့်☐ လတ်✓ နိမ့်☐ | မြင့်☐ လတ်✓ နိမ့်☐ |
| ပဲ | ၁၉.၈ | တင်း | ၁၅ | ၂၅ | ၁၀ | နိုဝင်ဘာ | မတ်လ | မြင့်☐ လတ်✓ နိမ့်☐ | မြင့်☐ လတ်✓ နိမ့်☐ |
| ရော်ဘာ | ၃၅.၅ | ပေါင် | ၉ | ၁၂ | ၁၀ | အောက်တိုဘာ | မေ | မြင့်☐ လတ်✓ နိမ့်☐ | မြင့်☐ လတ်✓ နိမ့်☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာသည် နွေစပါးကိုသာ အဓိကထား စိုက်ပျိုးသော ကျေးရွာ ဖြစ်ပါသည်။ စပါးစိုက်ပျိုးရေးမှာ အထွက်နှုန်းမှာ နှစ်စဉ်ပုံမှန်မရှိ ရာသီဥတုအခြေအနေပေါ် မူတည် ပြီး အထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၃၀) တင်းခန့်သာ ထွက်ရှိပါသည်။ ထို့အပြင် ကိုင်း/ကျွန်းမြေများရှိ ကုန်းမြင့်များတွင် ပဲများကိုစိုက်ပျိုးပြီး တစ်ဧကလျှင် ပျမ်းမျှ (၁၀) တင်းခန့်သာ ထွက်ရှိပါသည်။ အင်းဝိုင်းကြီးကျေးရွာတွင် ရော်ဘာများကိုလည်းအဓိက ထားစိုက်ပျိုး ကြပြီ တစ်ဧကလျှင် ပျမ်းမျှ(၁၀)ပေါင်ခန့်ထွက်ပါသည်။

## (၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၁၇ | – | – | ၂၀ |
| လက်တွန်းထွန်စက် | ၂၅ | – | – | ၂၂ |
| အစေ့ချ ကိရိယာ | – | – | – | – |
| ရိတ်သိမ်းခြွေလှေ့စက် | – | – | – | ၃ |
| ရိတ်သိမ်းစက် | – | – | – | ၂၁ |

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ခြေလှေ့စက် | - | - | - | ၇ |
| ရေစုပ်စက် | ၅၂ | - | - | ၂၆ |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | ၁၇ | - | -- | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာ နည်းပါး ကြပြီး အခြားရွာများတွင်ငှားရမ်းအသုံးပြုနေသည့် အိမ်ထောင်စုများ ရှိကြပါသည်။ လယ်သမားအများစုမှာလူဖြင့်ရိတ်သိမ်းကြပြီး နွားများ ဖြင့် စပါးခြွေကာ သဘာဝလေများဖြင့် စပါးလှေ့သည့် စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း☐ ကောင်း✓ သင့်တင့်မျှတ☐ မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ✓ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | ပေါများ ☐ အသင့်အတင့်ရှိ✓ မဖြေဆိုပါ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် ☐ ရသည် ✓ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ✓<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓ မဖြေဆိုပါ ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ✓ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ✓<br>သီးနှံများကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။သဘာဝရေမြေရာသီဥတုမှာ သင့်တင့်မျှတသဖြင့် သီးနှံ စိုက်ပျိုးရေး

အတွက် အဆင်ပြေပါသည်။ ထို့အပြင်မြို့နှင့်နီးသောကြောင့် သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေး မြေသြဇာများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်း ထွက်ကုန်များကိုလည်း ကုန်သည်၊ ပွဲစား များနှင့် ဈေးတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် အလွယ်တကူ ရောင်းချနိုင်ပါသည်။ သို့သော် အင်းများ၊ ချောင်းများနှင့် နီးသောကြောင့် မိုးစပါးများကို မစိုက်ပျိုးကြရသဖြင့် စိုက်ပျိုးရေး ချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် ချေးယူနိုင်ခြင်းမရှိပါ။ ထို့ကြောင့် မိတ်ဆွေနှင့် ပြင်ပအဖွဲ့များမှ ချေးငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နေကြရပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | မြေဆီသြဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐<br>လယ်ယာမြေဆုံးရှုံးမှုများသည် ☐<br>လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐<br>ပလပ်မြေများရှိသည် ☐<br>ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ✓ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ✓ အနည်းငယ် ☐<br>မဖြေဆိုပါ ☐ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဌာနများ။

**လေ့လာတွေ့ရှိချက်။** ။အင်းဝိုင်းကြီးကျေးရွာတွင်နေ့စား ကျပန်းလုပ်ကိုင်နေသည့် အိမ်ထောင်စုများပြား သော်လည်း အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် နည်းပညာ အားနည်းသောကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် လူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးခြင်း အခက်အခဲကို ကြုံတွေ့နေရ ပါသည်။ စပါးများစိုက်ပျိုးရာတွင် မျိုးကွဲချိန်၌ စပါးဖျက်ပိုးများ ကျရောက်တတ် သည့်အပြင် အင်းလယ်များတွင် ရွက်ဖျက်ပိုးများလည်းကျရောက်တတ်ပါသည်။ ထို့အပြင် ခရုဖျက်ပိုးများလည်း ကျရောက်တတ်ပါသည်။ သို့သော် မိုးမကျမီ အချိန်နှင့် ဆောင်းရာသီများတွင် ခရုစုန်းငှက်များ သည် လယ်ကွင်းများအတွင်းရှိ ခရုများကို စားသောက်သဖြင့် ခရုအန္တရာယ်မှ အနည်းငယ်ကာကွယ် နိုင်ပါသည်။ ထို့အပြင်ကျေးရွာ တောင်သူလယ်သမားများသည် စိုက်ပျိုးရေး မြေသြဇာများကို အလွယ်တကူရရှိသော်လည်း အသုံးပြုမည့်နည်းလမ်းများသိရှိမှုအားနည်းသဖြင့် လယ်များတွင် အထွက်နှုန်းနည်းပါးခြင်းများကြုံတွေ့ရပြီး စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ လာရောက်ဝေမျှမည်ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေး ပြည့်ဝ သော ထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

## (ခ-၂) မွေးမြူရေးလုပ်ငန်း

### (၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၅၂ | ၃၂၂ |
| နို့စားနွား | ၁ | ၂ |
| ကျွဲ | ၄ | - |
| မြင်း | | ၄၁ |
| မြည်း | | - |
| လား | | - |
| ဆိတ် | ၆ | ၂၉ |
| သိုး | | - |
| ဝက် | ၁၄၀ | ၃၁၆ |
| ကြက် | ၁၂၁ | ၈၀၇ |
| ဘဲ | ၅၁ | ၅၄၃ |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာတွင် နွားကြက်၊ဝက်များကို တစ်ပိုင်တစ်နိုင်မွေးမြူကြပြီးဘဲများကိုစီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စု တစ်စုရှိပါသည်။ နို့စားနွားမွေးမြူသည့် အိမ်ထောင်စု တစ်စုလဲရှိပြီး ၎င်းနွားများကို မျိုးကောင်းမျိုးသန့်ရရှိအောင် အကောင်ဖောက်ခြင်း အတွက် မွေးမြူသောအိမ်ထောင်စုတစ်လည်းရှိပါသည်။ မွေးမြူရေး တို့အား တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ ချောင်းများ ၊ အင်းများနှင့်နီးသော်လည်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုမရှိပါ။ သို့သော် ငါးများကို တစ်ပိုင်တစ်နိုင် ဟင်းစာရုံလောက်မျှသာ ဖမ်းကြပါသည်။

## (၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါများ ☐ အသင့်အတင့်✓ မဖြေဆိုပါ ☐ |
| ရေရရှိမှု | အလုံအလောက်ရနိုင်☐ အသင့်အတင့်ရနိုင်✓ မဖြေဆိုပါ ☐ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐<br>မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်✓ မဖြေဆိုပါ☐ |
| ဈေးကွက် | ဈေးငွေလွယ်ကူစွာရနိုင်☐ ဈေးငွေ အသင့်အတင့်ရနိုင်☐<br>မဖြေဆိုပါ✓ |
| သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက် | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများ ဝယ်ယူနိုင်သည် ✓ မဖြေဆိုပါ ☐ |
| ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐<br>မဖြေဆိုပါ ✓ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐<br>ထုတ်ကုန်များကို ရောင်းချနိုင်သည် ✓ မဖြေဆိုပါ ☐ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်✓ မဖြေဆိုပါ ☐ |
| **ငါးလုပ်ငန်း** | |

| အခွင့်အလမ်း | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ✓ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ✓ |
| ချေးငွေ | လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည် ☐ မဖြေဆိုပါ ✓ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ✓ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐<br>မဖြေဆိုပါ✓ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐<br>ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ✓ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | လွယ်ကူသည် ☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အင်းပိုင်းကြီးကျေးရွာ ရွာထိပ်နှင့် အင်းစပ်များတွင် တိရစ္ဆာန်များ လွတ်လပ်စွာ အစာရှာစားနိုင်သည့် စားကျက်မြေများရှိပါသည်။ကျေးရွာရှိ မွေးမြူရေးလုပ်ငန်း အများစု သည် တစ်ပိုင်တစ်နိုင်သာ မွေးမြူကြသဖြင့် ရေနှင့် ပတ်သက်သော အခက်အခဲများမရှိပါ။ ထို့အပြင် စီးပွားဖြစ်မွေးထားသော ဘဲခြံ တစ်ခြံမှာလည်း ကျုံကတွတ်ချောင်းဘေးတွေရှိခြင်းကြောင့် ရေနှင့်ပတ်သက်သော အခက်အခဲ များမရှိပါ။ သထုံမြို့နှင့်နီးသောကြောင့် မျိုးတိရစ္ဆာန်ရရှိမှု၊ အစာနှင့် ဆေးများကို အလွယ်တကူ ရနိုင်သည့်အပြင် တိရစ္ဆာန်များကိုလည်း အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု အသင့်အတင့်ရှိသဖြင့် တစ်ပိုင်တစ်နိုင် မွေးနိုင်ခြင်း ဖြစ်ပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရန်အတွက် နှင့် စီးပွားဖြစ်မွေးမြူရန်အတွက် ပုဂ္ဂလိကချေးငွေ၊ မိတ်ဆွေ၊ ဆွေမျိုးများတွင် ချေးငွေ အသင့်အတင့် ရနိုင်ပါသည်။

## (၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့် အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေ ရှားပါးသည် ☐ စားကျက်မြေ လုံးဝမရှိပါ ☐ မဖြေဆိုပါ ✓ |
| ရေရရှိမှု | ရေ ရှားပါးသည်☐ ရေ လုံးဝမရှိပါ☐ မဖြေဆိုပါ ✓ |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ မရနိုင်ပါ ☐<br>မျိုးကောင်းတိရစ္ဆာန်များ လုံးဝ ဝယ်ယူ မရပါ ☐ မဖြေဆိုပါ ✓ |
| ချေးငွေ | ချေးငွေလွယ်ကူစွာ မရနိုင်ပါ ☐ ချေးငွေ လုံးဝ မရပါ ☐ မဖြေဆိုပါ ✓ |
| သွင်းအားစု (မွေးမြူရေး အစာ၊ ဆေး စသည်) ဈေးကွက် | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူ မရနိုင်ပါ ☐<br>သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ✓ |
| ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရနိုင်ပါ✓<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ ☐ မဖြေဆိုပါ ☐ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐<br>ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ✓ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အလုံအလောက်မရှိပါ ☐ လုံးဝ မရှိပါ ☐ မဖြေဆိုပါ ✓ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား | ရေမြေအနေအထား မကောင်းပါ ☐ မဖြေဆိုပါ ✓ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ ☐ လုံးဝ ဝယ်ယူမရပါ ☐<br>မဖြေဆိုပါ ✓ |
| ချေးငွေ | လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ ☐ လုံးဝ ချေးငွေမရပါ ☐<br>မဖြေဆိုပါ ✓ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ ☐ သွင်းအားစုများ ဝယ်ယူမရပါ ☐<br>မဖြေဆိုပါ ✓ |
| နည်းပညာ အကူ အညီနှင့် နည်းလမ်းများ | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူ မရပါ ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ☐ မဖြေဆိုပါ ✓ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐<br>ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ✓ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | မလွယ်ကူပါ ☐ မဖြေဆိုပါ ✓ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာ နှင့် ပတ်သက်သည့် အတွေ့အကြုံ အသိပညာများ လိုအပ်နေပါသည်။

## (ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | များ ☐ အသင့်အတင့် ☐ မဖြေဆိုပါ ✓ |
| လယ်ယာသားငါး ထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်ကောင်းရှိသည် ☐ ဈေးကွက် အသင့်အတင့် ☐ မဖြေဆိုပါ ✓ |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာနားလည် သိရှိသည် ☐ အသင့်အတင့် နားလည်သည် ☐ မဖြေဆိုပါ ✓ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ကောင်း ☐ သင့် ✓ မဖြေဆိုပါ ✓ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ပေါများ ☐ သင့် ☐ မဖြေဆိုပါ ✓ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ကောင်း ☐ သင့် ☐ မဖြေဆိုပါ ✓ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည်✓ မဖြေဆိုပါ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ✓ |
| အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်သည် ☐ အသင့်အတင့် ☐ မဖြေဆိုပါ✓ |
| အလုပ်အကိုင် အခွင့်အလမ်း | များ ☐ အသင့်အတင့် ☐ မဖြေဆိုပါ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းများကို နွေနှင့်ဆောင်းကာလများတွင်လုပ်ရပြီး မိုးတွင်းကာလများတွင် အခြားကျေးရွာရှိ ကွင်းများသို့ ကောက်စိုက်ခြင်း၊ ပျိုးနုတ်ခြင်း နှင့် နေ့စားကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြရပါသည်။ စီးပွားရေးအတွက် ချေးငွေများကို ရနိုင် သော်လည်း လုံလောက်သည့် ပမာဏများ မရရှိပါ။ အင်းဝိုင်းကြီးကျေးရွာမှ ထွက်ရှိသော ရော်ဘာပြား များကို ပွဲစားများ၊ အခြားရွာများ၊ အသိမိတ်ဆွေများဖြင့် ဈေးကွက်၊ ဈေးနှုန်းများကို သိရှိပြီး ရောင်းဝယ်မှုများပြုလုပ်နေကြပါသည်။ ထို့အပြင် ကျေးရွာအနီးရှိ ကျုံမဒွတ်ချောင်းဘေး တွင် အခြားကျေးရွာလာရောက်လုပ်ကိုင်နေသော အုတ်ဖိုတစ်ဖိုရှိပြီး ၄င်း အုတ်ဖိုကြောင့် ကျေးရွာတွင် နေ့စားအလုပ်သမားများ အလုပ်အကိုင်ရရှိခဲ့ပါသည်။

## (၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | ရှားပါး ✓ လုံးဝမရှိ ☐ မဖြေဆိုပါ ☐ |
| လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြား ဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်မကောင်း ✓ ဈေးကွက်မရှိ ☐ မဖြေဆိုပါ ☐ |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည် ✓ လုံးဝ နားမလည် ☐ မဖြေဆိုပါ ☐ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ညံ့ ☐ အလွန်ညံ့ ☐ မဖြေဆိုပါ ✓ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ကုန်ကြမ်းရရှိမှု နည်းသည် ✓ ကုန်ကြမ်း မရှိပါ ☐ မဖြေဆိုပါ ☐ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ပုံမှန်မရပါ ☐ လုံးဝ မရပါ✓ မဖြေဆိုပါ ✓ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေမရရှိပါ ✓ ချေးငွေမရပါ ☐ မဖြေဆိုပါ ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာဆိုင်ရာ နှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရပါ ✓ နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ လုံးဝ မရပါ ☐ မဖြေဆိုပါ ☐ |
| အလုပ်နှင့် လိုက်လျောညီထွေ ဖြစ်သော (သို့မဟုတ်) အသက်မွေး ဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိ ✓ လုံးဝ မတတ် ☐ မဖြေဆိုပါ ☐ |
| အလုပ်အကိုင် အခွင့်အလမ်း | အလုပ်အကိုင်အခွင့်အလမ်းနည်း ✓ အလုပ်အကိုင် အခွင့်အလမ်း မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အင်းဝိုင်းကြီးကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/ အလတ်စားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိခြင်း၊ အလုပ်နှင့်လိုက်လျော ညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိ ခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံခြားတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အား ရှားပါးပါသည်။ ထို့အပြင် ကျေးရွာတွင် လျှပ်စစ်မီးမရရှိပါသဖြင့် လျှပ်စစ်ဖြင့်

ဆောင်ရွက်ရသော ကုန်ထုတ်လုပ်ငန်းများနှင့် အခြားသောစီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်ရန် အတွက် အခွင့်အလမ်းများနည်းပါးပါသည်။

## (ဂ) ရွှေ့ပြောင်းလုပ်သားများ

### (ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေ အတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | "ရွှေ့ပြောင်းသွားလာ နေထိုင်သူ" တစ်ဦးအနည်းဆုံး ရှိသော အိမ်ထောင်စု နှင့်လူဦးရေ | | ၇ | ၁၅ | ၂၂ | ၁၅၆ | ၉၅ | ၂၅၁ | ၁၆၃ | ၁၁၀ | ၂၇၃ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | - | ၃ | ၃ | - | - | - | - | ၃ | ၃ |
| | ၆ လ အထိ | | - | ၂ | ၂ | - | - | - | - | ၂ | ၂ |
| | ၁၂ လ အထိ | | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထက် | | ၇ | ၁၀ | ၁၇ | ၁၅၆ | ၉၅ | ၂၅၁ | ၁၆၃ | ၁၀၅ | ၂၆၈ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**မှတ်ချက်။** ။ ရွှေ့ပြောင်းသွားလာခြင်း၏ တရားဝင်မှု မဝင်မှု၊ ရွှေ့ပြောင်းသွားလာသူ၏ သဘောဆန္ဒ ပါမှု မပါမှု စသည်ဖြင့် မခွဲခြားဘဲ၊ ကြာမြင့်ချိန် အနည်းအများ မကန့်သတ်ဘဲ၊ မည်သည့် အကြောင်းအရင်းကြောင့် ရွှေ့ပြောင်းသွားလာရသည် ဖြစ်စေကာမူ မူလဌာနေဒေသတစ်ခုမှ နိုင်ငံခြားသို့ဖြစ်စေ၊ ပြည်တွင်း တစ်နယ် တစ်ကြေးသို့ဖြစ်စေ ရွှေ့ပြောင်းသွားလာနေထိုင်သူတိုင်းကို **"ရွှေ့ပြောင်းသွားလာနေထိုင်သူ"** ဟု သတ်မှတ်သည်။ ယခင်က ရွှေ့ပြောင်းသွားလာနေထိုင်ခဲ့စေကာမူ ယခုလက်ရှိကာလတွင် မူလဌာနေတွင် ပြန်လည် အခြေချနေထိုင်လျှက်ရှိသူများသည် ဤဇယားတွင် အကျုံးမဝင်ပါ။ ယခုလတ်တလောတွင် ခရီးယာယီ သွားနေသူများသည်လည်း ဤဇယားတွင် အကျုံးမဝင်ပါ။

**လေ့လာတွေ့ရှိချက်။** ။အင်းဝိုင်းကြီးကျေးရွာတွင်ရွှေ့ပြောင်း လုပ်သားများပြားရခြင်းမှာ နွေစပါးသာစိုက်ပျိုးရသည့်အတွက် တစ်နှစ်ပတ်လုံးအလုပ်အကိုင်များမရှိခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် အသိပညာအားနည်းခြင်းတို့ကြောင့်ဖြစ်သည်။ ထို့အပြင် လျှပ်စစ်မီးလည်းမရရှိသဖြင့် အခြားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ပနိုင်ငံနှင့် အခြားဒေသများတွင် သွားရောက် လုပ်ကိုင် နေသည့် အိမ်ထောင်စုမှာ ကျေးရွာရှိ စုစုပေါင်း အိမ်ထောင်စု၏

တဝက်ကျော်ရှိနေပြီး အများစုမှာ အသက်မွေးမှုနည်းပညာ အားနည်းခြင်းနှင့် ကျွမ်းကျင် စွာတတ်မြောက်မှု မရှိသောကြောင့် ပြောင်းရွှေ့ လုပ်ကိုင်ရခြင်း ဖြစ်ပါသည် ။

### (ဂ-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၁၂၉ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | - |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ ရွှေ့ပြောင်းလုပ်ကိုင်ကြသူများမှာ ပိုမိုကောင်းမွန်သော အလုပ် အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရှာဖွေရန် ရွှေ့ပြောင်းသွားလာရခြင်းဖြစ်ပါသည်။

### (ဂ-၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၁၂၉ | ၂၂ | ၇၈ | ၂၉ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | - က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ၉၄ | ☒ | | |
| | - ခ။ ဘဏ် | ၁၉ | | | |
| | - ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | ၂၀ | | | |
| | - ဃ။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းနှစ်မျိုးကို အသုံးပြု၍ | - | | | |
| | - င။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းသုံးမျိုးလုံးကို အသုံးပြု၍ | - | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အင်းဝိုင်းကြီးကျေးရွာတွင် ပြည်ပနှင့်အခြားဒေသများသို့ပြောင်းရွှေ့ လုပ်ကိုင် ကြသူများသည် မိမိတို့လစာငွေများကို ဟွန်ဒီ၊ ဘဏ်၊ လူကြုံများဖြစ် မိသားစုများဆီသို့ ထောက်ပံ့ မှုများ အလွယ်တကူ ပြုလုပ်နိုင်ကြပါသည်။

### (ဃ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | သထုံမြို့ မြို့မဈေး | |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ✓<br>၅ မှ ၁၀ မိုင်✓ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✓<br>ကား/ထော်လာဂျီ ✓ ရထား ☐<br>သုံးဘီးဆိုင်ကယ် ✓ လှေ ☐<br>စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။) | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☐ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☐ အဝတ်အထည်☐<br>ဆောက်လုပ်ရေးပစ္စည်းများ၊<br>ပရိဘောဂများ☐<br>ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်✓ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☐ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☐ အဝတ်အထည်☐<br>ဆောက်လုပ်ရေးပစ္စည်းများ၊<br>ပရိဘောဂများ ☐<br>ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☐ |
| ဈေးအခြေခံအဆောက်အဦ | ကောင်း☐ သင့်✓ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ |
| ဝန်ဆောင်မှု | ကောင်း☐ သင့်✓ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာသည် ကြာပန်းဈေးနှင့်နီးသော်လည်း သထုံမြို့မဈေးတွင်သာ ဈေးကိုသွားရောက်ဝယ်ယူကြပါသည်။

## (င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်/ မြန်မာ့စီးပွားရေးဘဏ်) | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၀.၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| သမဝါယမချေးငွေ | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၀.၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| ပုဂ္ဂလိကဘဏ် | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၀.၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |

| ချေးငွေ ရရှိနိုင်သည့်နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှု ကဏ္ဍ | ကာလတိုချေးငွေ ✓<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | နေ့စဉ် ☐<br>လစဉ် ✓<br>၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၀.၁ မှ ၂ % ☐<br>၂ မှ ၅% ✓<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ✓<br>မလိုအပ်ပါ ☐ | နည်းသည် ✓<br>ရှိသည် ☐<br>မရှိပါ ☐ |
| အဖွဲ့အလိုက် ငွေစု/ ငွေချေး အစီအစဉ် | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၀.၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| ငွေချေးပေးသူ | ကာလတိုချေးငွေ ✓<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | နေ့စဉ် ☐<br>လစဉ် ✓<br>၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၀.၁ မှ ၂ % ☐<br>၂ မှ ၅% ✓<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ✓<br>မလိုအပ်ပါ ☐ | နည်းသည် ✓<br>ရှိသည် ☐<br>မရှိပါ ☐ |
| အပေါင်ဆိုင် | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | နေ့စဉ် ☐<br>လစဉ် ☐<br>၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐<br>၀.၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ကာလတိုချေးငွေ ✓<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | နေ့စဉ် ☐<br>လစဉ် ✓<br>၃-၆ လအတွင်း ☐<br>၆လမှ တစ်နှစ်ထိ ☐<br>တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ✓<br>၀.၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ✓ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ✓ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။မြန်မာ့စီးပွားရေးဘဏ်၏ သတ်မှတ်ချက်အရ **ကာလတိုချေးငွေ** ဆိုသည်မှာ <u>အနည်းဆုံး တစ်ရက်မှ အများဆုံး တစ်နှစ်အထိ၊</u> **ကာလလတ်ချေးငွေ** ဆိုသည်မှာ <u>၁ နှစ်မှ ၅ နှစ်အထိ၊</u> **ကာလရှည်ချေးငွေ**ဆိုသည်မှာ <u>၅ နှစ်မှ ၁၀ နှစ် အထိ</u>ဟု သတ်မှတ်ထားပါသည်။ အကယ်၍ ၁၀ နှစ် ကာလအထက် ရှည်ကြာစွာချေးပေးသော ချေးငွေများရှိခဲ့သော ကာလရှည်ချေးငွေတွင်သာ ထည့်သွင်းပေးရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ အင်းဝိုင်းကြီးကျေးရွာတွင် နွေစပါးသာစိုက်ပျိုးရသဖြင့် စိုက်ပျိုးရေးအတွက်ချေးငွေများကို မြန်မာ့လယ်ယာစီးပွားရေးဘဏ်တွင် အတိုးနှုန်း သက်သာစွာဖြင့် ချေးငွေ မရပါ။ထို့ကြောင့် ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှု များဖြင့်သော Easy, BNK, PSI စသော ချေးငွေဝန်ဆောင်မှုများမှ အတိုးနှုန်းကြီးစွာဖြင့် ချေးငွေများကိုယူပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလုပ်ကိုင်နေကြရပါသည်။ ထို့အပြင် ငွေချေးပေးသူထံတွင် အပေါင်ခံပစ္စည်းများဖြင့် အတိုးနှုန်းအသင့်အတင့်ဖြင့် ချေးငွေယူသော်လည်း လုံလောက်သည့် ငွေကြေးပမာဏ မရရှိပါ။ မိတ်ဆွေနှင့်ဆွေမျိုးများထံတွင်လည်း ချေးငွေ အနည်းသာငယ် ရရှိနိုင်ပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသည့် ချေးငွေဝန်ဆောင်မှုလုပ်ငန်းများ

လိုအပ် ပါသည်။

## (စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု

### (စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | | |
|---|---|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့်☐ | လတ်☐ | နိမ့်✓ |
| အပင်မျိုးစိတ်များ | မြင့်☐ | လတ်☐ | နိမ့်✓ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | မြင့်☐ | လတ်✓ | နိမ့်☐ |
| ရေအရင်းအမြစ် | မြင့်☐ | လတ်☐ | နိမ့်✓ |
| ငါးမျိုးကွဲများ | မြင့်☐ | လတ်☐ | နိမ့်☐ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့်☐ | လတ်☐ | နိမ့်☐ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့်☐ | လတ်☐ | နိမ့်☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အင်းဝိုင်းကြီးကျေးရွာ၏ မြေဆီလွှာအခြေအနေမှာ အသင့်အတင့်ကောင်းမွန် သဖြင့် စပါးစိုက်ပျိုးချိန်တွင် မြေသြဇာအနည်းငယ်သာ အသုံးပြုရပါသည်။ စပါးများစိုက်ပျိုးရာတွင် မျိုးကျဲချိန်၌ စပါးဖျက်ပိုးများ ကျရောက်တတ် သည့်အပြင် အင်းလယ်များတွင် ရွက်ဖျက်ပိုးများလည်းကျရောက်တတ်ပါသည်။ ထို့အပြင် ခရုဖျက်ပိုးများလည်း ကျရောက်တတ်ပါသည်။ သို့သော် မိုးမကျမှီ အချိန်နှင့် ဆောင်းရာသီများတွင် ခရုစုန်းငှက်များ သည် လယ်ကွင်းများအတွင်းရှိ ခရုများကို စားသောက်သဖြင့် ခရုအန္တရာယ်မှ အနည်းငယ်ကာကွယ် နိုင်ပါသည်။ စိုက်ပျိုးရေး အတွက် ချောင်းရေနှင့် အင်းရေကိုသာအဓိကစိုက်ပျိုးကြသည့်အပြင် အင်းရေကျပြီး အင်းတိမ်ပိုင်းများ၊ ချောင်းစပ်များနှင့် အင်းစပ်များတွင်သာ စိုက်ပျိုးကြပြီး ကုန်းတွင်းပိုင်းများတွင် စိုက်ပျိုးရေအတွက် အခက်အခဲများရှိပါသည်။ စွန့်ပစ်ပစ္စည်းများ နေဖြင့် အမှိုက်များကို မီးရှို့ခြင်းနှင့် မြေသြဇာအဖြင့် ပြန်လည် အသုံးချခြင်းများပြုလုပ်ကြပါသည်။

## (ဆ) ပညာရေး

### (ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၅၇ | ၇၈ | ၁၃၅ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၄၆၀ | ၄၅၅ | ၉၁၅ |

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၅၅ | ၄၈ | ၁၀၃ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၂၂ | ၂၂ | ၄၄ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၂ | ၈ | ၁၀ |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**မှတ်ချက်။** ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ **ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော** အတန်းပညာ တက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာတွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦးတစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာခဲ့သော နောက် ဆုံးပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။

ဥပမာ – ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသူတစ်ယောက်သည် အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေသည်ဆိုသော် ထိုကျောင်းသူကို **"အလယ်တန်းအဆင့်ရှိသူဦးရေ"** တွင် ထည့်သွင်းရပါ မည်။ ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသားတစ်ယောက်သည် တတိယတန်း (Grade 3) တွင် ပညာသင်ကြားနေသည် ဆိုသော်၊ သို့မဟုတ် **ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ – ဘုန်းကြီးကျောင်းထွက်)** ရှိသည်ဆိုသော် အဆိုပါကျောင်းသား/ အဆိုပါပုဂ္ဂိုလ်ကို **"မူလတန်းအဆင့်ရှိသူဦးရေ"** တွင်သာ ထည့်သွင်းရပါမည်။ **"ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက–ကျောင်း)"**ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲသော ကျောင်းသူ/သားများကို သက်ဆိုင်ရာအတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ ယခုစာရင်းကောက်ယူချိန်တွင် အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း စာလုံးဝ မတတ်ပါက **"စာမတတ်သူဦးရေ"** တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြ ပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၇၅) ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၉) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၄) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက် သူမှာ (၁) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

## (ဆ–၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၉၈ | ၁၀၇ | ၂၀၅ |
| အလယ်တန်း | ၃၆ | ၃၁ | ၆၇ |
| အထက်တန်း | ၈ | ၉ | ၁၇ |
| တက္ကသိုလ်/ကောလိပ် | ၂ | ၅ | ၇ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ

<u>သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာပိုင် မူလတန်းကျောင်းတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး ဈေးမသွယ်အထက်ကျေးရွာအုပ်စုရှိ အလယ်တန်းကျောင်းတွင် ပညာသင်ကြား နေသော ကျောင်းသား/ သူများရှိသကဲ့သို့ စခန်းကြီးကျေးရွာအုပ်စု ညောင်ချောင်းကျေးရွာတွင် အလယ်တန်းအဆင့် နှင့် အထက်တန်းအဆင့်များကို ပညာသင်ယူနေသော ကျောင်းသား /သူများလည်းရှိပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်း သား/သူအနည်းငယ် သာရှိပါသည်။

## (ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ✓<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✓<br>စက်ဘီး ✓<br>ဆိုင်ကယ် ✓<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | (၆၀'x ၂၄')+( ၃၆'x ၂၅')+( ၂၀'x ၂၀')=၂၇၄၀' | | | | | | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☐ ညံ့✓ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ✓ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ✓<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဇ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ✓ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဈ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၁ | ၈ | ၉ | | | | | | |
| ကျေးရွာခန့် | - | - | - | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ

**ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာပိုင် မူလတန်းကျောင်းတွင် မူလတန်းအဆင့် ပညာရေးထိသာ ပညာသင်ကြားရပြီး တခြားကျေးရွာများတွင် ပညာများဆက်လမ်းသင်ယူရာတွင် ရွာနှင့်အလှမ်းဝေးသဖြင့် ကျေးရွာအတွင်းရှိ မူလတန်းကျောင်းမှ မူလွန်သို့ အဆင့်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ အဆင့်မြှင့်ပညာရေးများကို ကျေးရွာအနီးရှိ ဈေးမသွယ်အထက်ကျေးရွာအုပ်စု အလယ်တန်းကျောင်း တွင် အလယ်တန်းအဆင့်ကိုပညာသင်ယူနိုင်ပြီး စခန်းကြီးကျေးရွာအုပ်စု ညောင်ချောင်းကျေးရွာ တွင်လည်း အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် များကို ဆက်လက်ပညာ သင်ယူကြ ပါသည်။ထိုသို့ ကျေးရွာမှ အခြားကျောင်းများသို့ ကားနှင့် စက်ဘီးများဖြင့် သွားရောက်ရပြီး ကျောင်းကြို ကျောင်းပို့ကားများမှာ တစ်နှစ်ပတ်လုံး အတွက် ကျောင်းသားတစ်ဦး တစ်သိန်းနှုန်းခန့် ပေးရပါသည်။ ကျေးရွာတွင် တက္ကသိုလ်တက်နေ သည့် ကျောင်းသား ကျောင်းသူများလည်း အနည်းငယ် ရှိပါသည်။ ကျေးရွာရှိ ကျေးရွာပိုင် မူလတန်းကျောင်းမှာ ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်ထားပြီး ကျောင်းဆောင်သုံးဆောင်ရှိပါသည်။ တစ်တန်း၊ နှစ်တန်း၊ သုံးတန်း ကျောင်းဆောင်သည် ယူနီဆက် ရန်ပုံငွေနှင့် ကျောင်းဆောင်အား တိုးချဲ့ တည်ဆောက်ထားသည်မှာ နှစ်ပေါင်း နှစ်ဆယ်ကျော်ပြီး ဖြစ်သဖြင့် မျက်နှာကျက် ၊ အမိုးနှင့် တံခါးများမှာ ဟောင်းနွမ်းပျက်စီး နေပါသဖြင့် အသစ်ပြုပြင်ဆောင်ရွက်ရန်နှင့် လေးတန်းစာသင် ဆောင်မှာ ဖက်မိုးထရံကာ ဖြစ်ပြီး ကျောင်းသား ဦးရေမှာ (၂၄၇)ဦး ရှိသဖြင့် မိုးတွင်းကာလများတွင် စာသင်ရန် အတွက်အခက် အခဲရှိခြင်းကြောင့် ကျောင်းဆောင်အသစ်တစ်ဆောင်တည်ဆောက်ရန် လိုအပ်ပါသည်။ ထို့အပြင် KG ကျောင်းဆောင်မှာလည်း ကွန်ကရစ်ကျောင်းဆောင်ဖြစ်သော်လည်း ကိုယ်ထူကိုယ်ထဖြင့် လွန်ခဲ့သော ၁၀နှစ်ခန့်မှ တည်ဆောက်ထားသောကြောင့် ကျောင်းအမိုး နှင့် ကြမ်းခင်းများ လဲရန်လိုအပ်ပါသည်။ ယခု လက်ရှိကျောင်းအိမ်သာမှာ ၂လုံးသာရှိသဖြင့် ကျောင်းသားဦးရေ နှင့် မညီမျှသောကြောင့် နှစ်ခန်းတွဲအိမ်သာ ၂လုံးတည်ဆောက်ရန် လိုအပ် ပါသည်။ ကျောင်းတွင် စာသင်ခုံများမှာလည်း ကျောင်းသားများနေသဖြင့် မလုံ လောက်ခြင်းနှင့် ကျောက်သင်ပုန်းများမှာလည်း ဟောင်းနွမ်း နေသဖြင့် အသစ်ပေးရန် လိုအပ်ပါသည်။ ကျောင်းခြံစည်းရိုးမှာလည်းမရှိသဖြင့် ကျောင်းသားများ လုံခြုံမှုရှိစေရန် အတွက် ကျောင်းခြံစည်းရိုးခတ်ရန် လိုအပ်ပါသည်။

## (ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ✓ မလုံလောက် ☐ |
| တပည့် – ဆရာ အချိုး | ၄၀း ၁ အောက် ☐ ၄၀း ၁ အထက် ✓ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☐ နည်း ✓ လတ် ☐ များ ☐ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ✓ |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် | | | |
|---|---|---|---|---|
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် | ☐ | မလုံလောက် | ✓ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မြင့် | ☐ | အသင့်အတင့် | ✓ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ | ✓ | နည်း | ☐ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း ☐ | သင့် ✓ | ညံ့ | ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။အင်းဝိုင်းကြီးကျေးရွာ၏ မူလတန်းကျောင်းတွင် ဆရာဆရာမ လုံလောက်ပါသည်။ သို့သော် မူလတန်းကျောင်ပညာ ကျောင်းထွက်နှုန်းမှာ အနည်းငယ်ရှိသော်လည်း အလယ်တန်း၊ အထက်တန်းကျောင်းထွက်နှုန်းမှာ အနည်းငယ်များပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းပညာရေးအဆင့်ထိ တက်ရောက်ရန်အတွက် မိဘများမှာ ငွေကြေးအင်အားမတတ်နိုင်ခြင်းနှင့် ရွာနှင့်အလှမ်းဝေးခြင်းတို့ကြောင့်ဖြစ်ပါသည်။

### (၉) ကျန်းမာရေးနှင့် အာဟာရ

### (၉-၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်✓ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✓ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ယခင်ကမိုးတွင်းကာလများတွင် ငှက်ဖျားရောဂါများ ဖြစ်များသော်လည်း ငှက်ဖျားတိုက်ဖျက်ရေးများ ဆောင်ရွက်ပေးခဲ့သောကြောင့် လျော့နည်းသွားခဲ့ပါသည်။ ထို့အပြင် အနည်းငယ်ဖျားနာခြင်းများဖြစ်ပါက ကျေးရွာအနီးရှိ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကုသ ကြသဖြင့် သက်သာပျောက်ကင်းကြပါသည်။

### (၉-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | | ✓ |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✓ |
